## ကုသရေးဌာနခွဲ၏ (၂၀၁၆) ဧပြီလမှ (၂၀၁၉) မတ်လအထိ လုပ်ငန်းဆောင်ရွက်ချက်များ

**၁။ တိုင်းရင်းဆေးရုံအသစ်များဖွင့်လှစ်ပေးခဲ့ခြင်း**

**(က) (၂၀၁၇-၂၀၁၈) ဘဏ္ဍာနှစ်တွင် ဖွင့်လှစ်ပေးနိုင်ခဲ့သော တိုင်းရင်းဆေးရုံများစာရင်း**

| စဉ် | ရက်စွဲ | ဆေးရုံအမည် |
|---|---|---|
| ၁။ | ၁၂.၇.၂၀၁၇ | (၁၆) ခုတင်ဆံ့၊ ရေနံချောင်း |
| ၂။ | ၁၃.၇.၂၀၁၇ | (၁၆) ခုတင်ဆံ့၊ ပေါက်ဆေးရုံ |
| ၃။ | ၂၈.၇.၂၀၁၇ | (၂၅) ခုတင်ဆံ့၊ ကျောက်ဆည် |
| ၄။ | ၂၉.၇.၂၀၁၇ | (၂၅) ခုတင်ဆံ့၊ ရမည်းသင်း |
| ၅။ | ၁.၁၀.၂၀၁၇ | (၂၅) ခုတင်ဆံ့၊ ပခုက္ကူ |
| ၆။ | ၁.၁၁.၂၀၁၇ | (၁၆) ခုတင်ဆံ့၊ မိုးကုတ် |
| ၇။ | ၂၅.၁.၂၀၁၈ | (၁၆) ခုတင်ဆံ့၊ မန်စီ |
| ၈။ | ၁၆.၂.၂၀၁၈ | (၁၆) ခုတင်ဆံ့၊ ထားဝယ် |
| ၉။ | ၂၇.၂.၂၀၁၈ | (၅၀) ခုတင်ဆံ့၊ ပဲခူး |
| ၁၀။ | ၂၀.၃.၂၀၁၈ | (၂၅) ခုတင်ဆံ့၊ ကျိုင်းတုံ |
| ၁၁။ | ၂၉.၃.၂၀၁၈ | (၁၆)ခုတင်ဆံ့၊ မော်လမြိုင်ကျွန်း |

**(ခ) (၂၀၁၈) ခုနှစ် (Mini Budget) တွင် ဖွင့်လှစ်ပေးနိုင်ခဲ့သော တိုင်းရင်းဆေးရုံများစာရင်း**

| စဉ် | ရက်စွဲ | ဆေးရုံအမည် |
|---|---|---|
| ၁။ | ၂၇.၅.၂၀၁၈ | (၂၅)ခုတင်ဆံ့၊ ညောင်ဦး |
| ၂။ | ၃.၆.၂၀၁၈ | (၁၆)ခုတင်ဆံ့၊ ရေတာရှည် |
| ၃။ | ၆.၇.၂၀၁၈ | (၁၆)ခုတင်ဆံ့၊ ပျော်ဘွယ် |
| ၄။ | ၈.၇.၂၀၁၈ | (၁၆)ခုတင်ဆံ့၊ ဖြူး |

**(ဂ) (၂၀၁၈-၂၀၁၉) ဘဏ္ဍာနှစ်တွင် ဖွင့်လှစ်ပေးနိုင်ခဲ့သော တိုင်းရင်းဆေးရုံများစာရင်း**

| စဉ် | ရက်စွဲ | ဆေးရုံအမည် |
|---|---|---|
| ၁။ | ၁၄.၁၂.၂၀၁၈ | (၁၆)ခုတင်ဆံ့၊ ကျောက်တော် |
| ၂။ | ၁၅.၁.၂၀၁၉ | (၁၆) ခုတင်ဆံ့၊ ကြို့ပင်ကောက် |
| ၃။ | ၁၇.၃.၂၀၁၉ | (၁၆)ခုတင်ဆံ့၊ ညောင်လေးပင် |
| ၄။ | ၂၁.၃.၂၀၁၉ | (၁၆) ခုတင်ဆံ့၊ ပေါင်းတည် |

(၂၀၁၆) ခုနှစ် ဧပြီလမှ (၂၀၁၉) ခုနှစ် မတ်လအထိ ခုတင်(၅၀)ဆံ့ တိုင်းရင်းဆေးရုံ (၁)ရုံ၊ (၂၅) ခုတင်ဆံ့တိုင်းရင်းဆေးရုံ (၅) ရုံ၊ (၁၆) ခုတင်ဆံ့တိုင်းရင်းဆေးရုံ (၁၃) ရုံ၊ စုစုပေါင်းတိုင်းရင်းဆေးရုံ(၁၉)ရုံ ဖွင့်လှစ်နိုင်ခဲ့ဖြစ်ပါသည်။

## ၂။ ကုသရေးလုပ်ငန်းဆောင်ရွက်ချက်များ

**တိုင်းရင်းဆေးရုံ (၄၀)ရုံမှ ကုသပေးနိုင်မှုအခြေအနေ**

| စဉ် | အကြောင်းအရာ | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ (Jan-Mar) |
|---|---|---|---|---|---|
| ၁။ | အတွင်းလူနာ | ၁၀၉၂၂ | ၁၅၉၂၃ | ၁၈၂၀၃ | ၄၄၇၆ |
| ၂။ | ပြင်ပလူနာ | ၁၅၆၈၈၄ | ၂၇၀၂၁၆ | ၃၅၁၇၅၇ | ၉၈၄၂၉ |
| ၃။ | ကွင်းဆင်းလူနာ | ၃၁၇၇၉ | ၄၂၂၉၁ | ၅၉၃၃၄ | ၁၄၆၈၅ |
| စုစုပေါင်း | | **၁၉၉၅၈၅** | **၃၂၈၄၃၀** | **၄၂၉၂၉၄** | **၁၁၇၅၉၀** |

**မြို့နယ်တိုင်းရင်းဆေးကုဌာန (၂၁၀)ခန်းမှ ကုသပေးနိုင်မှုအခြေအနေ**

| စဉ် | အကြောင်းအရာ | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ (Jan-Mar) |
|---|---|---|---|---|---|
| ၁ | ပြင်ပလူနာ | ၄၁၃၉၃၉ | ၅၈၀၆၇၁ | ၅၉၅၈၃၃ | ၁၅၅၇၀၈ |
| ၂ | ကွင်းဆင်းလူနာ | ၂၉၃၇၇၀ | ၂၅၀၇၂၅ | ၂၂၇၄၉၉ | ၅၂၅၈၀ |
| စုစုပေါင်း | | **၇၀၇၇၀၉** | **၈၃၁၃၉၆** | **၈၂၃၃၃၂** | **၂၀၈၂၈၈** |

## ၃။ ကွင်းဆင်းကုသပေးခြင်းနှင့်ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများကိုဆောင်ရွက်ပေးခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ပြည်နယ်၊ တိုင်းဒေသကြီးများတွင် ပြည်နယ်နှင့်တိုင်းဦးစီးဌာနမှူးရုံးများ၊ ခရိုင်ဦးစီးဌာနမှူးရုံးများ၊ ဆေးရုံများ၊ မြို့နယ်တိုင်းရင်းဆေးကုဌာနများဖွင့်လှစ်ထားရှိပြီး ကျေးရွာများအထိကွင်းဆင်း၍ ပြည်သူများ၏ ကျန်းမာရေးကို တိုင်းရင်းဆေးပညာဖြင့် အခမဲ့စောင့်ရှောက်ပေးလျှက်ရှိရာ(၂၀၁၇-၂၀၁၈) ဘဏ္ဍာနှစ်တွင် ကွင်းဆင်း (၅၆၃၃) ကြိမ် စုစုပေါင်းလူနာ (၂၉၀,၅၆၄) ဦး၊ (၂၀၁၈) ခုနှစ်ဧပြီလမှ ဇူလိုင်လအထိ ကွင်းဆင်း (၂၂၈၁) ကြိမ် ဆေးကုသခြင်းဆောင်ရွက်ပေးခဲ့ပြီး စုစုပေါင်းလူနာ (၉၀၆၃၈) ဦးအား ကုသပေးနိုင်ခဲ့ပါသည်။ တိုင်းရင်းဆေးနှင့်ပတ်သက်၍ပညာပေးခြင်းကို (၂၀၁၇-၂၀၁၈) ဘဏ္ဍာနှစ်တွင် (၁၆၆၇) ကြိမ် ပြည်သူ (၅၁၄၇၁) ဦး၊ (၂၀၁၈) ခုနှစ်ဧပြီလမှ ဇူလိုင်လအထိ (၇၆၁) ကြိမ် ပြည်သူ (၄၇၇၄၀) ဦးအား ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

နိုင်ငံတော်အခမ်းအနားပွဲများနှင့် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးများတွင် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါသည်။

## ၄။ သင်တန်းများဖွင့်လှစ်ခြင်း

ဌာနဆိုင်ရာရုံးလုပ်ငန်းနှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်း ရက်တိုသင်တန်း အမှတ်စဉ် (၁/၂၀၁၆)ကို (၁၈-၅-၂၀၁၆)ရက်နေ့မှ(၂၁-၅-၂၀၁၆)အထိ၊ သင်တန်းသား (၉၂)ဦးဖြင့် ဖွင့်လှစ်နိုင်ခဲ့ပါသည်။

မြန်မာ့တိုင်းရင်းဆေးပညာအတွေးအခေါ်အယူအဆနှင့် ကုထုံးဆိုင်ရာအရည်အသွေးမြှင့် သင်တန်းအမှတ်စဉ် (၁/၂၀၁၆)ကို (၁-၉-၂၀၁၆) ရက်နေ့မှ (၂၄-၉-၂၀၁၆)အထိ သင်တန်းသား(၃၁) ဦးဖြင့် (ပြင်ပသင်တန်းသား (၂) ဦး အပါအဝင်)ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။

ဌာနတွင်း တိုင်းရင်းဆေးဆရာများ၏ တိုင်းရင်းဆေးပညာရပ်များ တိုးတက်မြှင့်မား စေရေးအတွက် ရှေးဟောင်းမြန်မာ့တိုင်းရင်းဆေးကျမ်းများဆိုင်ရာ စာပေပြိုင်ပွဲကို (၄.၁၁.၂၀၁၆) ရက်နေ့ မှ (၅.၁၁.၂၀၁၆)ရက်နေ့အထိ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

တိုင်းရင်းဆေးပညာဦးစီးဌာနအောက်ရှိ ဆေးရုံ၊ ဆေးခန်းများတွင် တာဝန်ထမ်းဆောင်နေသော တိုင်းရင်းဆေးဆရာ၊ ဆရာများ၏ ကုသမှုစွမ်းရည်တိုးတက်မြင့်မားစေရန်အတွက် ဒေသနာနယဆေးပညာသင်တန်း၊ အကြောပညာသင်တန်းနှင့် ကလေးရောဂါပညာ သင်တန်းတို့ကို ဖွင့်လှစ်ပေးနိုင်ခဲ့ရာ-

(က) ရန်ကုန်မြို့တွင် ဒေသနာနယဆေးပညာသင်တန်းနှင့် အကြောပညာသင်တန်းကို

- (၆.၃.၂၀၁၇ ) မှ( ၆.၄.၂၀၁၇ ) ထိ = ၂၄ ဦး
- ((၅.၆.၂၀၁၇) မှ (၄.၇.၂၀၁၇) ထိ = ၃၀ ဦး

(ခ) မန္တလေးမြို့တွင် အကြောပညာသင်တန်းနှင့် ကလေးရောဂါပညာသင်တန်းကို

- (၂၁.၂.၂၀၁၇) မှ (၆.၃.၂၀၁၇) ထိ = ၂၄ ဦး
- (၅.၆.၂၀၁၇) မှ (၄.၇.၂၀၁၇) ထိ = ၃၀ ဦး
- (၁၀.၁၀.၂၀၁၇)မှ(၂၇.၁၀.၂၀၁၇)ထိ = ၃၀ ဦး

(ဂ) မြစ်ကြီးနားမြို့တွင် ဒေသနာနယဆေးပညာသင်တန်းကို

- (၂၁.၂.၂၀၁၇) မှ (၂၁.၃.၂၀၁၇) ထိ = ၃၁ ဦး တို့ကို သင်ကြားပေးနိုင်ခဲ့ပါသည်။

သင်တန်းစုစုပေါင်း ရန်ကုန်မြို့တွင် (၂) ကြိမ်၊ မန္တလေးမြို့တွင် (၃) ကြိမ်၊ မြစ်ကြီးနားမြို့တွင် (၁) ကြိမ်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး သင်တန်းသား(၁၆၉) ဦး တက်ရောက်အောင်မြင်ခဲ့ပါသည်။

## ၅။ ဆေးရုံ၊ဆေးခန်းများ၏ လချုပ်များစာရင်းတိကျမှန်ကန်၍ တပြေးညီပြင်ခြင်း

တိုင်းရင်းဆေးရုံများနှင့် ဆေးကုဌာနများတွင် ရောဂါအမည်တပ်ခြင်းများကို ICD 10 (modified) စနစ်အရဆောင်ရွက်နိုင်ရန် ကျွမ်းကျင်သူပညာရှင်များစုစည်းပြီး သတ်မှတ်နိုင်ခဲ့ပါသည်။ စုစုပေါင်းရောဂါ(၁၅၁)မျိုးသတ်မှတ်ခဲ့ပြီး ဆေးရုံဆေးခန်းများ၏လချုပ်များနှင့် ကွင်းဆင်းကုသခြင်းများတွင် ရောဂါအမည်တပ်ခြင်းများကို တူညီစွာစနစ်တကျဆောင်ရွက်နိုင်ခဲ့ပါသည်။

## ၆။ ဆေးရုံများတွင် လိုအပ်သောဆေးရုံသုံးပစ္စည်းများဖြည့်ဆည်းပေးခြင်း

ဆေးရုံများတွင်လိုအပ်သော ဆေးရုံသုံးပရိဘောဂများ၊ ကြပ်ထုပ်ထိုးရန်၊ ပေါင်းချွေးငွေ့ပေးရန်၊ ပိုးသတ်ရန်အတွက် လိုအပ်သောပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ခဲ့ပါသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ ခွဲဝေချထားပေးသောယာဉ်များထဲမှ Ambulance (လူနာတင်ယာဉ်) (၃)စီးတို့အား တိုင်းရင်းဆေးပညာဦးစီးဌာနသို့ ခွဲဝေချထားခဲ့ရာ တိုင်းရင်းဆေးပညာဦးစီး ဌာနမှ ရန်ကုန်၊ မန္တလေး၊ နေပြည်တော် ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံကြီး(၃)ရုံသို့ (၃၀.၁၁.၂၀၁၇) ရက်နေ့တွင် လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

## ၇။ အခြားဆောင်ရွက်နေသည့်လုပ်ငန်းများ

- တိုင်းရင်းဆေးရုံ၊ ဆေးကုဌာနများ ဆက်လက်တိုးချဲ့ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိခြင်း။
- ကွင်းဆင်းဆေးကုသမှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိခြင်း။
- သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ပါက ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ကြိုတင်စီစဉ်ဆောင်ရွက်လျက်ရှိခြင်း။
- တိုင်းရင်းဆေးပညာစဉ်ဆက်မပြတ်ပညာပေးရေးအစီအစဉ် (CTME) များ ဆက်လက်ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိခြင်း။
-